# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## လူဇင်ဘတ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်း လေ့လာတင်ပြခြင်း

ဒေါ်နမ့်ယဉ်ယဉ်နွယ်၊ ဒုတိယညွှန်ကြားရေးမှူး
ဦးငွေထွန်း၊ ဦးစီးအရာရှိ

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မတ်လ ၉ ရက်

နေပြည်တော်

# လူဇင်ဘတ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအကြောင်း

## လေ့လာတင်ပြခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | နိုင်ငံ၏ပထဝီဝင်အနေအထား | ၂ |
| ၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေများ | ၂ မှ ၄ ထိ |
| ၄။ | နိုင်ငံတော်အာဏာများကို ပိုင်းခြားကျင့်သုံးခြင်း | ၄ |
| ၅။ | ဥပဒေပြုရေး | ၄ မှ ၅ ထိ |
| ၆။ | အုပ်ချုပ်ရေး | ၅ မှ ၆ ထိ |
| ၇။ | အစိုးရအဖွဲ့ | ၆ |
| ၈။ | နိုင်ငံတော်ကောင်စီ | ၆ မှ ၇ ထိ |
| ၉။ | တရားစီရင်ရေး | ၇ မှ ၈ ထိ |
| ၁၀။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး | ၈ မှ ၁၀ ထိ |
| ၁၁။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းပုံ | ၁၀ မှ ၁၁ ထိ |
| ၁၂။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသူများ | ၁၁ |
| ၁၃။ | စောင့်ထိန်းလိုက်နာရမည့်စည်းကမ်းများ | ၁၁ မှ ၁၂ထိ |
| ၁၄။ | နိဂုံး | ၁၃ |

## လူဇင်ဘတ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအကြောင်း
## လေ့လာတင်ပြခြင်း

### နိဒါန်း

၁။ လူဇင်ဘတ် မဟာစော်ဘွားနိုင်ငံ (Grand Duchy of Luxembourg) သည် ဥရောပနိုင်ငံငယ်လေးဖြစ်သော်လည်း ချမ်းသာသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာ့တစ်ခုတည်းသော မဟာစော်ဘွား Grand Duchy နိုင်ငံဖြစ်ပြီး ဘုရင်၊ ဘုရင်မများအစား သူကောင်းမျိုးနွယ်များက အုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ပါသည်။ တစ်ပြည်ထောင်နိုင်ငံ (Unitary State) ဖြစ်ပြီး ဥရောပဥပဒေစနစ် (Civil Law System) ကို ကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံတကာ သဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံပိုင်သတင်းစာတွင် ထည့်သွင်းကြေညာပြီးမှသာ နိုင်ငံအတွင်း၌ အကျိုးသက်ရောက်မှုရှိသည့်အတွက် Dualistic Theory ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ပါသည်။




လူဇင်ဘတ်နိုင်ငံ တည်နေရာပြမြေပုံ

## နိုင်ငံ၏ပထဝီအနေအထား

၂။ လူဇင်ဘတ်မဟာစော်ဘွားနိုင်ငံ (Grand Duchy of Luxembourg) သည် ဥရောပ အနောက်ပိုင်းတွင်ရှိသော ကုန်းတွင်းပိတ်နိုင်ငံငယ်လေးဖြစ်ပြီး အနောက်ဘက်နှင့် မြောက်ဘက်တွင် ဘယ်(လ်)ဂျီယမ်နိုင်ငံ၊ အရှေ့ဘက်တွင် ဂျာမနီနိုင်ငံ၊ တောင်ဘက်တွင် ပြင်သစ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ပြင်သစ်နှင့် ဂျာမနီတို့၏ ယဉ်ကျေးမှုနှင့် ဘာသာစကားများက လွှမ်းမိုးလျက်ရှိသည်။ လူဇင်ဘတ်နိုင်ငံတွင် ရုံးသုံးဘာသာစကားများအဖြစ် လူဇင်ဘတ်ဘာသာ၊ ဂျာမန်ဘာသာ၊ ပြင်သစ်ဘာသာများကို အသုံးပြုကြပါသည်။ နိုင်ငံအတွင်း၌ ထိုဘာသာစကားသုံးမျိုးအပြင် အင်္ဂလိပ်ဘာသာနှင့် ဒတ်(ချ်) ဘာသာများကိုပါ အသုံးပြုကြပါသည်။ ဧရိယာအကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၂၅၈၆ ခန့် ရှိပါသည်။ မြို့တော်မှာ လူဇင်ဘတ်မြို့ဖြစ်ပြီး နိုင်ငံ၏ လူဦးရေမှာ ၆ သိန်းကျော်သာ ရှိပါသည်။ လူဦးရေ၏ ထက်ဝက်ကျော်ခန့်သည် ခရစ်ယာန် ဘာသာကို ကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာ ကိုးကွယ်သူ များလည်း ရှိပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေများ

၃။ လူဇင်ဘတ်နိုင်ငံဟူ၍ မပေါ်ပေါက်မီ ဘူဂန်ဒီနိုင်ငံ (၁၄၄၃-၁၅၀၆)၊ စပိန် (၁၅၀၆-၁၆၈၄)၊ ပြင်သစ်(၁၆၈၄-၁၆၉၈)၊ စပိန် (၁၆၉၈-၁၇၁၄)၊ သြစတြီးယား (၁၇၁၄-၁၇၉၅) နှင့် ပြင်သစ်(၁၇၉၅-၁၈၁၅) တို့၏ လက်အောက်ခံနယ်မြေဖြစ်ခဲ့ပြီး ၁၈၁၅ ခုနှစ် ဗီယင်နာညီလာခံ (Congress of Vienna) မှ အစပြု၍ မဟာစော်ဘွားနယ်မြေအဖြစ် စတင်ပေါ်ထွန်းလာခဲ့ ပါသည်။ မဟာစော်ဘွားနယ်မြေ (Grand Duchy) ကို နယ်သာလန်၏ ပထမမြောက် ဝီလီယံ (William I of the Netherlands) ဘုရင် ပိုင်ဆိုင်သော နယ်မြေတစ်ခုအဖြစ် အသိအမှတ် ပြုကြပြီး၊ ၎င်းနယ်မြေတွင် ပြင်သစ်တို့၏ နောက်ထပ် ကျူးကျော်ခြင်းမခံရအောင် ပရပ်ရှား (Prussia) နိုင်ငံ၏ စစ်စခန်းတစ်ခုကို အခြေစိုက်ထားရှိခဲ့ကြပါသည်။ လူဇင်ဘတ်နိုင်ငံ၏ ပထမဆုံးသော ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၈၄၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက် နေ့တွင် ဒုတိယမြောက် ဝီလီယံဘုရင် (William II) က ပြဋ္ဌာန်းပေးခဲ့ပါသည်။

၄။ ၁၈၄၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အချုပ်အခြာအာဏာနှင့် အာဏာများ အားလုံးကို မြို့စားမင်း (The Grand Duke) ထံ အပ်နှင်းထားပါသည်။ ယင်းဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အုပ်ချုပ်ရေးအာဏာကို အစိုးရကောင်စီ (Government Council) က လည်းကောင်း၊ ဥပဒေပြုရေးအာဏာကို Assembly of Estates ကလည်းကောင်း၊ တရား

စီရင်ရေးအာဏာကို ဥပဒေအရဖွဲ့စည်းထားသည့် တရားရုံးအဆင့်ဆင့်ကလည်းကောင်း ကျင့်သုံးဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ ဥပဒေပြုရေးကဏ္ဍတွင် ပြစ်မှုဆိုင်ရာ ဥပဒေများ၊ အခွန်အကောက်ဥပဒေများနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း စည်းမျဉ်းများ ပြဋ္ဌာန်းရန်အတွက်သာ Assembly of Estates ၏ သဘောတူညီချက်ရရှိရန် လိုအပ်ပြီး အခြားသောဥပဒေများ ပြဋ္ဌာန်းရန်အတွက်ကိုမူ Assembly of Estates က သဘောထား ပေးရန်သာ အခွင့်အရေးရှိခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များတွင် အစိုးရကောင်စီ (Government Council) သည် အကြံပေးအဖြစ်သာ ဆောင်ရွက်ရခြင်း အစရှိသဖြင့် လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်အပ်နှင်းထားပါသည်။

၅။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်ခွင့်၊ ဥပဒေအရာ၌ တန်းတူညီမျှရှိမှု၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် အစရှိသည်တို့ကို အာမခံကြောင်း ပြဋ္ဌာန်းထားပြီး လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်နှင့် ရေးသားဖြန့်ဝေခွင့် အစရှိသော အခွင့်အရေးများကို ထည့်သွင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။

၆။ ၁၈၄၈ ခုနှစ်တွင် Assembly of Estates က Constituent Assembly ကို ကျင်းပပြီးနောက် ၁၈၄၈ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ထပ်မံပြဋ္ဌာန်းခဲ့ပါသည်။ ၁၈၄၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူ့လွှတ်တော် (Chamber of deputies) ကို ဖွဲ့စည်းပြီး ပါလီမန်စနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို တိကျစွာခွဲဝေအပ်နှင်းထားပါသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ရေးသားဖြန့်ဝေခွင့် အစရှိသော နိုင်ငံရေးဆိုင်ရာအခွင့်အရေးများပါ ထည့်သွင်းပြဋ္ဌာန်းခဲ့ပါ သည်။

၇။ တတိယမြောက် ဝီလီယံဘုရင် (William III) က ၁၈၄၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ၎င်း၏လုပ်ပိုင်ခွင့်ကို ထိပါးသည်ဟုယူဆသဖြင့် မိမိအာဏာကို ပြန်လည် ထိန်းသိမ်းရန်အလို့ငှာ ၁၈၅၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အစိုးရအဖွဲ့ကို အမိန့်ပေးခဲ့ပါသည်။ သို့ရာတွင် လွှတ်တော်က ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုခဲ့သဖြင့် ၁၈၅၄ ခုနှစ်တွင် လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲ ထပ်မံကျင်းပခဲ့ပါသည်။ သို့ရာတွင် ထပ်မံရွေးကောက် တင်မြှောက်လိုက်သည့် လွှတ်တော်အမတ်ထက်ဝက်က ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်ရန် အပြင်းအထန်ကန့်ကွက်ကြသဖြင့် ၁၈၅၆ ခုနှစ်တွင် တတိယမြောက် ဝီလီယံဘုရင် (William III) က နိုင်ငံအာဏာကို သိမ်းယူပြီး လွှတ်တော်ကို ဖျက်သိမ်းခဲ့ ပါသည်။ ၁၈၅၆ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ၁၈၄၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို

တော်ဝင်အမိန့်တစ်ရပ်ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။ လူဇင်ဘတ်နိုင်ငံတွင် ၁၈၄၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်စနစ်ကိုဖျက်သိမ်းပြီး သက်ဦးဆံပိုင် ဘုရင်စနစ်ကို ပြန်လည်ကျင့်သုံးခဲ့သည်။

၈။ ၁၈၆၇ ခုနှစ် လန်ဒန်ညီလာခံအရ လူဇင်ဘတ်နိုင်ငံ၏ လွတ်လပ်ရေးကို ကြေညာပြီးနောက် ၁၈၅၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်ကို ၁၈၆၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။

**နိုင်ငံတော်အာဏာများကိုပိုင်းခြားကျင့်သုံးခြင်း**

၉။ နိုင်ငံတော်အာဏာကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူ၍ ပိုင်းခြားကျင့်သုံးပါသည်။ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် မြို့စားမင်း (The grand Duke) နှင့် အစိုးရအဖွဲ့သို့လည်းကောင်း၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် ပြည်သူ့လွှတ်တော် (The Chamber of Deputies) သို့ လည်းကောင်း၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် တရားလွှတ်တော်ချုပ် (The Superior Court of Justice) နှင့် အဆင့်ဆင့်သောတရားရုံးများ၊ စီမံခန့်ခွဲရေးဆိုင်ရာတရားရုံးနှင့် အဆင့်ဆင့်သောတရားရုံးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများသို့လည်းကောင်း အပ်နှင်းထားပါသည်။

**ဥပဒေပြုရေး**

၁၀။ လူဇင်ဘတ်နိုင်ငံ၏ ဥပဒေပြုရေးတွင် ပြည်သူ့လွှတ်တော် (The Chamber of Deputies) ဟုခေါ်ဆိုသော လွှတ်တော်တစ်ရပ်သာရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၆ တွင် ဥပဒေတိုင်းသည် ပြည်သူ့လွှတ်တော် (The Chamber of Deputies) ၏ သဘောတူညီချက် ရရှိရန်လိုအပ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ပြည်သူ့လွှတ်တော်သည် ဥပဒေပြုအဖွဲ့အစည်းအနေဖြင့် မြို့စားမင်း (The Grand Duke) ကတင်သွင်းသော ဥပဒေကြမ်းများ (Government Bills) ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်က စတင်အဆိုပြုတင်သွင်းသော ဥပဒေကြမ်းများ (Parliament Bills) ကိုလည်းကောင်း မဲပေး၍ အတည်ပြုခြင်း၊ ပယ်ချ ခြင်းတို့ကို ဆောင်ရွက်ရပါသည်။

၁၁။ ပြည်သူ့လွှတ်တော်သည် တိုင်းပြည်ကိုကိုယ်စားပြုပါသည်။ ပြည်သူ့လွှတ်တော်ကို ကိုယ်စားလှယ် ဦးရေ ၆၀ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒနယ် ၄ ခုမှ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံး၍ သက်တမ်း ၅ နှစ် အတွက် တိုက်ရိုက်မဲပေးရွေးချယ်ပါသည်။

၁၂။ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် လူဇင်ဘတ်နိုင်ငံသား အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ရွေးကောက်ခံပိုင်ခွင့်ရှိပါသည်။ ၁၉၁၉ ခုနှစ်မတိုင်မီက အမျိုးသားများသာ ရွေးကောက်ခံပိုင်ခွင့်ရှိခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံနိုင်ရန် အတွက် နိုင်ငံသားအခွင့်အရေးများ ရပိုင်ခွင့်ရှိသူ၊ အသက် ၁၈ နှစ် ပြည့်ပြီးသူ၊ လူဇင်ဘတ် နိုင်ငံအတွင်း အခြေချနေထိုင်သူ ဖြစ်ရပါမည်။

၁၃။ လွှတ်တော်ကိုယ်စားလှယ်များသည် အစိုးရအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီအဖွဲ့ဝင်၊ တရားစီရင်ရေးဆိုင်ရာ တရားသူကြီး၊ စာရင်းစစ်တရားရုံးအဖွဲ့ဝင်၊ ခရိုင်ကော်မရှင်နာ၊ နိုင်ငံတော် စာရင်းစစ်အရာရှိ သို့မဟုတ် အခွန်အရာရှိ၊ စစ်မှုထမ်း အစရှိသည့် တာဝန်များကို ထမ်းဆောင်ခြင်း မပြုရပါ။

၁၄။ ပြည်သူ့လွှတ်တော်သည် ဆုံးဖြတ်ချက်များကို များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရပါသည်။ မဲအရေအတွက် တူညီနေလျှင် ဆွေးနွေးသည့်အဆိုကို ပယ်ပါသည်။ ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ မဲပေးခြင်းဆောင်ရွက်ရာတွင် နှစ်ကြိမ်နှစ်ခါ မဲပေးခြင်း ဆောင်ရွက်ရပါသည်။ ပထမအကြိမ် မဲပေးခြင်းဆောင်ရွက်ပြီးနောက် သုံးလအတွင်း ဒုတိယ အကြိမ်မဲပေးခြင်းကို ဆောင်ရွက်ရပါသည်။ သို့ရာတွင် ပထမအကြိမ်မဲပေးခြင်း ဆောင်ရွက် ပြီးနောက် ပြည်သူ့လွှတ်တော်သည် ဒုတိယအကြိမ် မဲပေးခြင်းမှ ကင်းလွတ်ခွင့်ပြုရန် နိုင်ငံတော်ကောင်စီ (The Council of State) ထံသို့ တင်ပြပြီး နိုင်ငံတော်ကောင်စီ (The Council of State) က သဘောတူခွင့်ပြုလျှင် ဒုတိယအကြိမ် မဲပေးခြင်းကို ဆောင်ရွက်ရန် မလိုတော့ပေ။

**အုပ်ချုပ်ရေး**

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ (၁) တွင် အချုပ်အခြာအာဏာသည် နိုင်ငံတော် အတွင်း တည်ရှိပြီး မြို့စားမင်း (The Grand Duke) သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ထိုအာဏာကို ကျင့်သုံးဆောင်ရွက်သည်ဟု ပြဋ္ဌာန်းထားပါသည်။ မြို့စားမင်းရာထူးကို မျိုးရိုးအမွေဆက်ခံခြင်းဖြင့် ရရှိပါသည်။ ထိုသို့အမွေဆက်ခံရာတွင် အသက် ၁၈ နှစ်ပြည့်ပြီးမှသာ ထီးနန်းကို ရယူနိုင်မည်ဖြစ်ပါသည်။

၁၆။ မြို့စားမင်း (The Grand Duke) သည် နိုင်ငံတော်အကြီးအကဲဖြစ်ပါသည်။ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ပါသည်။ ၎င်းသည် ဥပဒေများကို အကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော စည်းမျဉ်းများနှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ နိုင်ငံတကာစာချုပ်များ ချုပ်ဆိုခြင်း၊ မြို့ပြနှင့်စစ်ဘက်ဆိုင်ရာ ရာထူးများကို ဥပဒေနှင့်အညီ ခန့်အပ်ခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များကို ကွပ်ကဲခြင်း၊ စစ်ကြေငြာခြင်း၊

စစ်ပြီးဆုံးကြောင်းကြေငြာခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းတို့ကို ဆောင်ရွက်ရပါသည်။ ၎င်းသည် ဥပဒေမူကြမ်းများကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းနိုင်ပါသည်။ ပြည်သူ့လွှတ်တော်က များရာဆန္ဒမဲဖြင့် အတည်ပြုသည့် ဥပဒေများကို သုံးလအတွင်း ထုတ်ပြန်ကြေငြာရပါသည်။ မြို့စားမင်း (The Grand Duke) သည် လွှတ်တော်ကို ဖျက်သိမ်းနိုင်ပါသည်။ လွှတ်တော်ဖျက်သိမ်းပြီးနောက် သုံးလအတွင်း နောက်ထပ် ရွေးကောက်ပွဲအသစ်ကို ကျင်းပရပါသည်။

၁၇။ မြို့စားမင်း (The Grand Duke) သည် အနည်းဆုံး အဖွဲ့ဝင် သုံးဦးပါဝင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းရပါသည်။ ၎င်းသည် အစိုးရအဖွဲ့ဝင်များကို ခန့်အပ်ခြင်းနှင့် ရာထူးမှ ထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ရာ မြို့စားမင်း (The Grand Duke) သည် အစိုးရအဖွဲ့ဝင်များကို ၎င်း၏စိတ်ကြိုက် လွတ်လပ်စွာ ရွေးချယ်ခန့်အပ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**အစိုးရအဖွဲ့**

၁၈။ အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်များကိုသာမက ဥပဒေမူကြမ်းများကို လွှတ်တော်သို့တင်သွင်းခြင်း၊ နိုင်ငံတော်၏ ရငွေ၊သုံးငွေတို့ကို စီမံခန့်ခွဲခြင်းဆိုင်ရာ ကိစ္စရပ်များကိုပါ ဆောင်ရွက်ရပါသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးနောက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့၌ ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ် (၁) ဦး၊ ဒုတိယဝန်ကြီးချုပ် (၂) ဦး၊ ဝန်ကြီး (၁၄) ဦး၊ စုစုပေါင်း (၁၇) ဦးဖြင့် ဖွဲ့စည်းထားပါသည်။

**နိုင်ငံတော်ကောင်စီ (The Council of state)**

၁၉။ နိုင်ငံတော်ကောင်စီကို အဖွဲ့ဝင် ၂၁ ဦးဖြင့် ဖွဲ့စည်းပါသည်။ ကောင်စီဝင်များကို အစိုးရအဖွဲ့နှင့် ပြည်သူ့လွှတ်တော်တို့၏ အဆိုပြုချက်ဖြင့် မြို့စားမင်း (The Grand Duke) က ခန့်အပ်ပါသည်။ နိုင်ငံတော်ကောင်စီသည် အစိုးရအဖွဲ့နှင့် လွှတ်တော်များက တင်သွင်းသော ဥပဒေကြမ်းများ၊ ဥပဒေပြင်ဆင်ချက်မူကြမ်းများ၊ အတည်မပြုရသေးသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိကို စိစစ်ခြင်း၊ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ညီလာခံသို့တက်ရောက်ပြီး သဘောထားတင်ပြခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ မြို့စားမင်း (The Grand Duke) က ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သည့်စည်းမျဉ်းများကို ထုတ်ပြန်ရာတွင် နိုင်ငံတော်ကောင်စီ၏ သဘောထားကို ရရှိပြီးမှသာ ဆောင်ရွက်ရပါသည်။ နိုင်ငံတော်

ကောင်စီသည် ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်က နှစ်ကြိမ် နှစ်ခါမဲပေး၍ အတည်ပြုဆောင်ရွက်ရမည့်အစား တစ်ကြိမ်တည်းဖြင့်ဆောင်ရွက်ရန် အထူး ခွင့်ပြုချက်ပေးနိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပါသည်။ သို့ဖြစ်ရာ လူဇင်ဘတ် နိုင်ငံ၏ ဥပဒေပြုရေးတွင် နိုင်ငံတော်ကောင်စီသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**တရားစီရင်ရေး**

၂၀။ လူဇင်ဘတ်နိုင်ငံ၏ တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃) ပုဒ်မ ၄၉ ၌ တရားစီရင်ရေးကို မြို့စားမင်း (The Grand Duke) အမည်ဖြင့် တရားရုံး နှင့်ခုံရုံးများက ဆောင်ရွက်ရမည်။ အမိန့်နှင့်စီရင်ချက်များကို မြို့စားမင်း(The Grand Duke) အမည်ဖြင့် ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ တရားစီရင်ရေးကဏ္ဍအား ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အခန်း(၆) ၌ ပုဒ်မ ၈၄ မှ ၉၅ အထိ သီးခြားပြဋ္ဌာန်းထားပါသည်။

၂၁။ တရားစီရင်ရေးကဏ္ဍတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားရေးဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများ ပါဝင်ပါသည်။ တရားရေးဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများသည် တရားမနှင့် ပြစ်မှု ဆိုင်ရာများ၊ နိုင်ငံရေးဆိုင်ရာအခွင့်အရေးများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို စီရင်ဆုံးဖြတ် ရပါသည်။ တရားရေးဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများကို တရားလွှတ်တော်ချုပ်၊ ခရိုင်တရားရုံး (၂) ရုံး (Luxembourg မြို့နှင့် Diekirch မြို့များတွင် တည်ရှိသည်)၊ ရာဇဝတ် တရားရုံး (၃) ရုံး (Luxembourg မြို့၊ Esch-sur-Alzette မြို့နှင့် Diekirch မြို့များတွင် တည်ရှိသည်) တို့ဖြင့် ဖွဲ့စည်းထားပါသည်။

၂၂။ စီမံခန့်ခွဲရေးဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများတွင် စီမံခန့်ခွဲရေးဆိုင်ရာခုံရုံး (The Administrative Tribunal) နှင့် စီမံခန့်ခွဲရေးဆိုင်ရာတရားရုံး (The Administrative Court) တို့ပါဝင်သည်။ ထိုတရားရုံးများသည် လူဇင်ဘတ်မြို့၌ ရုံးထိုင်ကြပါသည်။ စီမံခန့်ခွဲရေးဆိုင်ရာ တရားရုံးသည် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင့်ဆုံးသော စီရင်ပိုင်ခွင့် အာဏာရှိပါသည်။ စီမံခန့်ခွဲရေးဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်ကို စီမံခန့်ခွဲရေးဆိုင်ရာ တရားရုံးသို့ အယူခံဝင်နိုင်ပါသည်။

၂၃။ တရားသူကြီးများကို မြို့စားမင်း (The Grand Duke) က ခန့်အပ်ရပါသည်။ တရားသူကြီးများကို ရာထူးမှ ဖယ်ရှားခြင်း မပြုရပါ။ တရားရုံး၏ စီရင်ချက်အရသာ ၎င်းတို့ကို ရာထူးမှဆိုင်းငံ့ခြင်း၊ ရာထူးအဆင့်လျှော့ချခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ တရားသူကြီး တစ်ဦးအား ၎င်း၏သဘောတူညီချက်အရ သို့မဟုတ် ရာထူးအသစ်ခန့်အပ်သည့် ကိစ္စမှတပါး

ပြောင်းရွှေ့တာဝန်ချထားခြင်း မပြုရပေ။ သို့ရာတွင် အိုမင်းမစွမ်းဖြစ်ခြင်း သို့မဟုတ် တာဝန်ပေါ့လျော့ခြင်းများနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားသူကြီးများကို တာဝန်မှရပ်ဆိုင်းခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ပြောင်းရွှေ့တာဝန် ချထားခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၂၄။ တရားသူကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်အလို့ငှာ ဝါရင့်တရားသူကြီးများဖြင့်ဖွဲ့စည်းထားသော ကော်မရှင်က ကျင်းပသည့် တရားရေးစာမေးပွဲများကို ဝင်ရောက်လျှောက်ထားဖြေဆိုကြရပါသည်။ လျှောက်ထားသူများအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ လူဇင်ဘတ်နိုင်ငံ၏ နိုင်ငံသားအခွင့်အရေးများ ရရှိခံစားခွင့်ရှိသူ၊ လူဇင်ဘတ်ဥပဒေကျောင်းမှ မဟာဘွဲ့ရရှိသူ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ မဟာဘွဲ့နှင့်ညီမျှသော ဥပဒေဒီဂရီတစ်ခု ရရှိထားသူ၊ လူဇင်ဘတ်ဘာသာ၊ ဂျာမန်ဘာသာနှင့် ပြင်သစ်ဘာသာစကားများကို ကျွမ်းကျင်တတ်မြောက်သူ၊ တရားရေးဆိုင်ရာသင်တန်းကို အနည်းဆုံး ၁၂ လကြာ တက်ရောက်ပြီးသူ၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ပြည့်စုံကောင်းမွန်သူ များက လျှောက်ထားခွင့်ရှိပါသည်။ တရားသူကြီးများ၏ ရာထူးသက်တမ်းကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၂၅။ လူဇင်ဘတ်နိုင်ငံ၌ လက်ရှိကျင့်သုံးလျက်ရှိသော ၁၈၆၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၈ ခုနှစ်မှ ယနေ့အထိ (၂၉) ကြိမ်ထက်မနည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ် ပြင်ဆင်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားစီရင်ရေးအခန်းကဏ္ဍတွင် အပိုဒ် ၉၅ (၃) (Article 95ter) ကို ထပ်မံထည့်သွင်းခဲ့ပြီး ယင်းပြဋ္ဌာန်းချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ပေါ်ပေါက်လာခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဖွဲ့စည်းခြင်းဥပဒေကို (the organization of the Constitutional Court) ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်း၌ အခန်းပေါင်း ၅ ခန်း၊ အပိုဒ်ပေါင်း ၃၁ ခု ပါဝင်ပါသည်။ ထိုဥပဒေသည် ၁၉၉၇ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်ခဲ့ပါသည်။

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းခြင်းဥပဒေ အပိုဒ် ၂ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံတကာ သဘောတူစာချုပ်များမှအပ ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိကို စိစစ်ဆုံးဖြတ်ရပါသည်။ သို့ဖြစ်ရာ လူဇင်ဘတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် မြို့စားမင်း (The Grand Duke) က အတည်ပြုဆောင်ရွက်သည့် နိုင်ငံတကာသဘောတူစာချုပ်များမှအပ လွှတ်တော်က ပြဋ္ဌာန်းပြီး

ဖြစ်သည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိမရှိ (Postreview) တစ်မျိုးတည်းကိုသာ စိစစ်ရသည့် တရားရုံးဖြစ်ပါသည်။ လူဇင်ဘတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၁၉၉၈ ခုနှစ်မှ ယနေ့အထိ အမှုပေါင်း ၁၇၃ မှုကို ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။



**တရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့ ရုံးထိုင်သည့် အဆောက်အဦ**

၂၇။ လူဇင်ဘတ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၂ ပါ လုပ်ငန်းတာဝန်များအနက်မှ ပုဒ်မခွဲ (ဆ) ပါ လုပ်ငန်းတာဝန်နှင့် တူညီမှုရှိပါသည်။ ၎င်း၏ စီရင်ပိုင်ခွင့်ထက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်က ပိုမိုကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းခြင်းဥပဒေ အပိုဒ် ၁၅ ဒုတိယစာပိုဒ်အရ ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အား အမှုစတင်တင်သွင်းသည့် မူလတရားရုံးနှင့် အလားတူ အမှုကိစ္စများစီရင်ရမည့် တရားရုံးများတွင် လိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ခွင့်မရှိပါ။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် ကြေငြာချက် သက်သက်မျှသာ ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု မရှိဟု ဆုံးဖြတ်ခဲ့သည့် ဥပဒေတစ်ရပ်ကို လွှတ်တော်က ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း မပြုလျှင် ထိုဥပဒေသည် ဆက်လက်အာဏာတည်ဆဲရှိနေမည် ဖြစ်ပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းပုံ

၂၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အကြံပေး(Advisers) ခုနှစ်ဦး၊ စုစုပေါင်း (၉) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းတို့ကို မြို့စားမင်း (The Grand Duke) က ခန့်အပ်ပါသည်။ တရားလွှတ်တော်ချုပ်၏ ဥက္ကဋ္ဌ၊ စီမံခန့်ခွဲရေးဆိုင်ရာ တရားရုံး၏ ဥက္ကဋ္ဌနှင့် အယူခံမှုများကို စစ်ဆေးသည့် တရားရုံး (the  Court of Cassation) ၏ အကြံပေး(Advisers) (၂) ဦးတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်များ အဖြစ် ရာထူးအရ အလိုအလျောက် (Right members) တာဝန်ထမ်းဆောင်ကြရပါသည်။ ကျန်အဖွဲ့ဝင် (၅) ဦးကို တရားလွှတ်တော်ချုပ်နှင့် စီမံခန့်ခွဲရေးဆိုင်ရာတရားရုံးတို့၏ ပူးတွဲ သဘောထားဖြင့် မြို့စားမင်း (The Grand Duke) က တရားသူကြီးများအနက်မှ ရွေးချယ် ခန့်အပ်ပါသည်။ တရားလွှတ်တော်ချုပ်၏ ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာတရားရုံး၏ ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ရပါသည်။

၃၀။ အဖွဲ့ဝင်များအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ငန်းတာဝန် များကိုသာမက ၎င်းတို့၏ မူလလုပ်ငန်းတာဝန်များကိုလည်း ဆက်လက်ထမ်းဆောင်ကြရ ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ကြားနာခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို အဖွဲ့ဝင်(၅)ဦးဖြင့် ဖွဲ့စည်းကာ ရုံးထိုင်စီရင် ဆုံးဖြတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ချက် ချမှတ်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် တစ်လအတွင်း ဆုံးဖြတ်ချက်ကို နိုင်ငံပိုင်သတင်းစာ (The Me’morial) တွင် ထုတ်ပြန်ကြေညာရပါသည်။

၃၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့က သုံးဦးစီရွေးချယ်ရသည်ဖြစ်ရာ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့မှ ရွေးချယ်ခွင့်ရှိပြီး တရားစီရင်ရေးကဏ္ဍက ရွေးချယ်ခွင့်မရှိပေ။ လူဇင်ဘတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

ဆိုင်ရာတရားရုံး တရားသူကြီးများကိုမူ မြို့စားမင်း (The Grand Duke) က တရားလွှတ်တော်ချုပ်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ တရားရုံးတို့၏ ပူးတွဲသဘောထားဖြင့် တရားသူကြီးများအနက်မှ ရွေးချယ်ခန့်အပ်ခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် များစွာခြားနားပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသူများ

၃၂။ တရားစီရင်ရေးဆိုင်ရာတရားရုံး သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ တရားရုံးတစ်ရုံး၌ စွဲဆိုဆဲအမှုနှင့်စပ်လျဉ်း၍ ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိဟူသော အငြင်းပွားမှု ပေါ်ပေါက်လာသည့်အခါ သက်ဆိုင်ရာတရားရုံးက အမှုစစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားပြီး ယင်းကိစ္စအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်ပြရပါမည်။ သို့ရာတွင် ထိုတင်ပြချက်နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက အဆုံးအဖြတ်ပေးရန်မလိုအပ်ကြောင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိမရှိဟူသော အငြင်းပွားမှုသည် လုံး၀ခိုင်မာမှုမရှိကြောင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက အလားတူအကြောင်းအရာများကို ဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်ကြောင်း သက်ဆိုင်ရာတရားရုံးက ဆုံးဖြတ်လျှင် ထိုကိစ္စရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်ပြရန် မလိုတော့ပေ။

၃၃။ သို့ဖြစ်ရာ ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိဟူသော ကိစ္စရပ်နှင့်စပ်လျဉ်း၍ နိုင်ငံသားတစ်ဦးချင်းကသော်လည်းကောင်း၊ ဥပဒေပြုရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့ကသော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်မရှိဘဲ တရားစီရင်ရေးကဏ္ဍတွင် ပါဝင်သည့် တရားစီရင်ရေးဆိုင်ရာ တရားရုံးများနှင့် စီမံခန့်ခွဲရေးဆိုင်ရာတရားရုံးများကသာ တင်သွင်းခွင့်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းများ

၃၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်များ လိုက်နာစောင့်ထိန်းရမည့် စည်းကမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းခြင်းဥပဒေ (The Organization of the Constitutional Court) ၏ အခန်း ၄ ၌ အပိုဒ် ၂၁ မှ ၂၅ အထိ ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်များသည် တင်သွင်းလာသည့် အငြင်းပွားမှုနှင့် စပ်ဆိုင်သည့်အမှုသည်များ သို့မဟုတ် ၎င်းတို့၏ ရှေ့နေများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သီးခြားဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်ခြင်းမပြုရပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်များသည် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ရန်

ပျက်ကွက်လျှင် သို့မဟုတ် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဂုဏ်သိက္ခာ ပျက်ပြားလျှင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းခံရပါမည်။

၃၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌသည် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စတင်အဆိုပြုတင်ပြခြင်း၊ စုံးစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း တို့ကို ဆောင်ရွက်ရပါသည်။ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်ဒဏ်များမှာ-

(က) သတိပေးခြင်း၊

(ခ) အပြစ်ဖော်ဆုံးမခြင်း၊

(ဂ) ခြောက်လထက်မပိုသော ကာလအတွက် ရာထူးမှရပ်ဆိုင်းခြင်း၊

(ဃ) ရာထူးမှပြန်လည်ရုပ်သိမ်းခြင်းတို့ ဖြစ်ပါသည်။

၃၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်ဒဏ် များကို အထွေထွေအစည်းအဝေး (General assembly) တွင် ကြားနာပြီး Council Chamber ၌ ဆုံးဖြတ်ချက်ချမှတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဥပဒေကြောင်းအရ သို့မဟုတ် စီမံခန့်ခွဲရေးအရ တရားစွဲဆိုခံရသည့် အဖွဲ့ဝင်တစ်ဦးကို ထိုအမှုကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်အချိန်အထိ ရာထူးမှ ယာယီရပ်ဆိုင်းထားနိုင်ပါသည်။

၃၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင် များကို နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များက စွပ်စွဲပြစ်တင်နိုင်ပြီး စုံစမ်းစစ်ဆေးခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို လွှတ်တော်က ပြုလုပ်နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူး၌ ဆက်လက် ထမ်းရွက်ရန်မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့် သက်ဆိုင်ရာလွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသူများကို ရာထူးမှရပ်စဲ နိုင်ပါသည်။

၃၈။ လူဇင်ဘတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်များကို တရား စွဲဆိုခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ ရာထူးမှ ရပ်ဆိုင်းခြင်း၊ ရာထူးမှထုတ်ပယ်ခြင်းတို့ကို အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်များကသော် လည်းကောင်း၊ လွှတ်တော်ကသော်လည်းကောင်း ဝင်ရောက်စွက်ဖက်ဆောင်ရွက်ခြင်း မပြုနိုင်ဘဲ တရားစီရင်ရေး ကဏ္ဍကသာ အလုံးစုံဆောင်ရွက်ခွင့်ရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**နိဂုံး**

၃၉။ လူဇင်ဘတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၁၉၉၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့အထိ သက်တမ်းမှာ ၂၅ နှစ်ကျော် ရှိပြီဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို တရားသူကြီးများအနက်မှ ရွေးချယ်ခန့်အပ်ပါသည်။ တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ငန်းတာဝန်များကိုသာမက မူလလုပ်ငန်းတာဝန်များကိုပါ ထမ်းဆောင်ကြရပါသည်။ ၎င်းတို့အား စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို တရားစီရင်ရေး ကဏ္ဍကသာ ဆောင်ရွက်ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် တရားရုံးများအပေါ် ၌သာ စည်းနှောင်မှုရှိပါသည်။

၄၀။ လူဇင်ဘတ်နိုင်ငံ၏ ၁၈၆၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်၊ တရားသူကြီးအရေအတွက်နှင့် ရွေးချယ်ခန့်အပ်ခြင်းတို့ကိုသာ ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသူများ၊ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု၊ တရားသူကြီးများကို စွပ်စွဲပြစ်တင်ခြင်းတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းခြင်းဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၄၁။ ထူးခြားသည့်အချက်မှာ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့မဟုတ် ခုံရုံးများအနေဖြင့် ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်သည့် ကိစ္စရပ်များ၊ အုပ်ချုပ်ရေးဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်သည့် ကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာသဘောတူစာချုပ်များတွင် ပါဝင်သည့်ကိစ္စရပ်များ၊ သက်ဆိုင်ရာ အာဏာပိုင်များကို စွပ်စွဲပြစ်တင်သည့်ကိစ္စရပ်များ စသည်ဖြင့် သက်ဆိုင်ရာနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း တာဝန်နှင့်လုပ်ပိုင်ခွင့်များရှိသော်လည်း လူဇင်ဘတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံတကာသဘောတူစာချုပ်များမှအပ လွှတ်တော်က ပြဋ္ဌာန်းပြီးသည့် ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ ကိစ္စတစ်ရပ်တည်းကိုသာ ဆောင်ရွက်ပိုင်ခွင့်ရှိသည့် တရားရုံးတစ်ရုံးဖြစ်ပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

## ရည်ညွှန်းကိုးကားချက်များ


၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ

၃။ Luxembourg's Constitution of 1868

၄။ Law of July, 1997 on the organization of the Constitutional Court

၅။ The Grand Duchy of Luxembourg written by Jean Thill

၆။ https://luxembourg.public.lu/en/society-and-culture/political-system/government.html

၇။ https://gouvernement.lu/en/systeme-politique/cours-tribunaux.html

၈။ https://link.springer.com/chapter/10.1007/978-94-6265-273-6_6

၉။ https://monarchie.lu/en/grand-ducal-family/hrh-grand-duke#biography

၁၀။ https://monarchie.lu/en/monarchy/former-sovereigns/hrh-grand-duchess-marie-adelaide